# မြန်မာပြန်သူ၏ မိတ်ဆက်စကား

အမေရိကန် သတင်းစာဆရာကြီး ဘော့ ဝုဝပ်ဒ် (Bob Woodward) ဟာ လက်ရှိ အသက် ၈၂ နှစ် ရှိပြီဖြစ်ပြီး သမ္မတနစ်ဆင် ရာထူးမှ နုတ်ထွက်ခဲ့ရတဲ့ ဝါးတားဂိတ် အရှုပ်တော်ပုံ ပေါ်ပေါက်ချိန် ကတည်းက နာမည်ကျော်ခဲ့တဲ့ စုံစမ်းစစ်မေး သတင်းသမားကြီး ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံရေး လောကအကြောင်း နှိုက်နှိုက်ချွတ်ချွတ် ဖော်ထုတ်တင်ပြခဲ့တဲ့ ဝုဝပ်ဒ်ဟာ ဝါရှင်တန်ပို့စ် သတင်းစာ ပူလစ်ဇာဆု နှစ်ကြိမ် ရအောင် စွမ်းဆောင်ရာမှာ အဓိကကျတဲ့ သတင်းစာဆရာ ဖြစ်ပြီး စာအုပ်ပေါင်းများစွာ ရေးသားခဲ့ပါတယ်။ ရေးခဲ့တဲ့ စာအုပ်တွေက ရွေးကောက်ပွဲနဲ့ နိုင်ငံရေးဖြစ်စဉ်တွေ အကြောင်း ၁၇ အုပ်၊ အမျိုးသားရေးနဲ့ နိုင်ငံတကာ လုံခြုံရေးအကြောင်း ၁၉ အုပ်၊ နိုင်ငံရေး ပါတီတွေ အကြောင်း ၂၆ အုပ် ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ အကျော်ကြားဆုံး ဂျာနယ်လစ် ဖြစ်နိုင်တဲ့ ဝုဝပ်ဒ်ဟာ သူ့ ရဲဘော်ရဲဘက် ကားလ် ဘန်းစတိန်းနဲ့ တွဲပြီး သတင်းလိုက် စာအုပ်ရေး လုပ်ခဲ့တာပါ။ သူ့ ဂုဏ်သတင်းကို ဝါးတားဂိတ် (Watergate) အရေးအခင်းမှာ တည်ဆောက်ခဲ့ပြီး အဲဒီတုန်းက သူတို့ရဲ့ သတင်းပေး အမည်ဝှက် Deep Throat ဆိုတာ သူနဲ့ ဘန်းစတိန်းရဲ့ ဖန်တီးမှု 'ဝစ်စတိန်း' ဖြစ်နိုင်တယ်လို့တောင် ကင်ပွန်းတပ်ခံခဲ့ရဖူးပါတယ်။ နောက်ပိုင်းကျမှ Deep Throat ဆိုတာ တကယ် ရှိနေပြီး အက်ဖ်ဘီအိုင် ထိပ်တန်းအရာရှိတစ်ဦး ဖြစ်နေတာ ထုတ်ဖော်ခဲ့ပါတယ်။

ဝုဝပ်ဒ် ရေးခဲ့တဲ့ အကျော်ကြားဆုံး စာအုပ်တွေမှာ All the President's Men၊ Fear၊ Rage၊ Peril နဲ့ အခုနောက်ဆုံး War တို့ ဖြစ်ပါတယ်။ War စာအုပ်က ၂၀၂၄ ခုနှစ် အမေရိကန် သမ္မတ ရွေးကောက်ပွဲ မတိုင်ခင် တစ်လ အလိုကမှ ထွက်ရှိထားပြီး နယူးယောက်တိုင်းမ် အရောင်းရဆုံး စာရင်းဝင်ပါ။

WAR ဆိုတဲ့အတိုင်း ဒီစာအုပ်က စစ်ပွဲကြီး သုံးခုရဲ့ ကန့်လန့်ကာ နောက်ကွယ်က အကြောင်းတရားတွေကို ပြောပြထားပါတယ်။ ယူကရိန်း စစ်ပွဲ၊ အရှေ့အလယ်ပိုင်း စစ်ပွဲနဲ့ အမေရိကန် သမ္မတတွေရဲ့ နိုင်ငံရေး စစ်ပွဲတွေရဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ထားပါတယ်။

ယူကရိန်းကို အထူးစစ်ဆင်ရေး ဆင်နွှဲစေခဲ့တဲ့ ရုရှားသမ္မတ ပူတင်ဟာ ခြောက်လအတွင်း ယူကရိန်း တန်ပြန်ထိုးစစ် ရင်ဆိုင်ရချိန်မှာ စစ်မြေပြင် ဆုံးရှုံးမှုတွေကို ဆက် သည်းမခံချင်လို့ နည်းဗျူဟာမြောက် နျူကလီးယား လက်နက် သုံးဖို့ ပို စိတ်အားထက်သန်လာတယ်လို့ စိုးရိမ်စရာ ထောက်လှမ်းရေး သတင်းကို ဘိုင်ဒင်အစိုးရ ရခဲ့တယ် ဆိုတာမျိုးတွေ ပါဝင်ပါတယ်။

ထောက်လှမ်းရေး အစီရင်ခံချက် အသစ်အရ ရုရှားဟာ ယူကရိန်း စစ်မြေပြင်မှာ နည်းဗျူဟာ နျူကလီးယား လက်နက် သုံးဖို့ အခွင့်အလမ်း ၅၀ ရာခိုင်နှုန်း ရှိလာပြီး၊ စစ်ပွဲ အစမှာ ၅ ရာခိုင်နှုန်း ကနေ သိသိသာသာ မြင့်တက်လာတဲ့ အကဲဖြတ်ချက် တစ်ခုလို့ ဝုဝပ်ဒ်က ရေးသားခဲ့ပါတယ်။ မော်စကိုက ဒီလို အသေးစား နျူ လက်နက် မသုံးဖြစ်အောင် ဝါရှင်တန်အပြင် ဩဇာကြီးတဲ့ ပေကျင်းကပါ ဖျောင်းဖျခဲ့တယ်လို့လည်း ဖော်ထုတ်ထားပါတယ်။

ယူကရိန်းကို ကျူးကျော်တိုက်ခိုက်မယ့် ပူတင်ရဲ့ အစီအစဉ် အပြည့်အစုံကို ပြည်ပထောက်လှမ်းရေးတွေဖြစ်တဲ့ အမေရိကန် စီအိုင်အေနဲ့ ဗြိတိသျှ အမ်အိုင်-၆ တို့ သိရှိထားခဲ့တယ်လို့လည်း ရေးထားပါတယ်။

ယူကရိန်းစစ်ပွဲအပြင် အစ္စရေးအပေါ် ဟားမတ်စ်အဖွဲ့ရဲ့ အောက်တိုဘာ ၇ ရက် အကြမ်းဖက် တိုက်ခိုက်မှုကြီးကနေ ဖြစ်ပေါ်လာတဲ့ ဂါဇာစစ်ပွဲကြီးနဲ့ သွေးထွက်သံယို မဆုံးနိုင်တဲ့ အရှေ့အလယ်ပိုင်း ပဋိပက္ခကို ထိန်းချုပ်ဖို့ ဘိုင်ဒင်အစိုးရရဲ့ လမ်းကြောင်းတွေကိုလည်း စာအုပ်မှာ ဖော်ပြထားပါတယ်။

သက်တော်ရှည် အမတ်ကနေ ဒု-သမ္မတနဲ့ သမ္မတအထိ တက်လှမ်းနိုင်ခဲ့တဲ့ ဂျိုးဘိုင်ဒင်နဲ့ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု တို့ရဲ့ သိကျွမ်းရင်းနှီးမှု ကာလကြာရှည်ခဲ့ပေမယ့် ဂါဇာကမ်းမြောင်အပေါ် အစ္စရေး တုံ့ပြန်စစ်ဆင်ပုံနဲ့ ပတ်သက်လို့ သူတို့နှစ်ဦး ဘယ်လောက် သဘော ကွဲပြားတယ် ဆိုတာလည်း ဝုဝပ်ဒ်က ထင်ထင်ရှားရှား ဖော်ထုတ်ထားပါတယ်။

ဂါဇာက အရပ်သား ထိခိုက်မှု နည်းပါးအောင် သတိထားစစ်ဆင်စေလိုတဲ့ ဘိုင်ဒင်ရဲ့ ဆန္ဒကို မလိုက်လျောတဲ့အတွက် နေတန်ယာဟုကို ဘိုင်ဒင်က ဆဲဆိုတယ်ဆိုတဲ့ ရေးသားချက်မျိုးကတော့ မျက်ခုံးပင့်စရာပါ။ ဒါ့အပြင် အောက်တိုဘာ ၇ ရက် တိုက်ခိုက်မှုအပြီး အရှေ့အလယ်ပိုင်းမှာ လွန်းထိုးညှိနှိုင်းခဲ့ရတဲ့ နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်ဟာ တွေ့ဆုံခွင့်ရဖို့ တမင်တကာ အချိန်အကြာကြီး စောင့်ဆိုင်းရတဲ့အတွက် ဆော်ဒီ အိမ်ရှေ့စံမင်းသား ဘင်ဆာလ်လန်ကို မှတ်ချက်ပေးခဲ့ပုံကလည်း စိတ်ဝင်စားစရာပါ။ အလိုလိုက်ခံရလို့ ပျက်စီးနေတဲ့ ကလေးတစ်ယောက်ထက် မပိုဘူးလို့ မှတ်ချက်ပြုခဲ့တာပါ။

အမေရိကန် နိုင်ငံရေးကို စစ်ပွဲ တစ်ပွဲလို သုံးသပ်ရာမှာတော့ ကိုယ်ပိုင် ထင်မြင်ချက်တွေလည်း ပါဝင်ပါတယ်။

ထရမ့်ကို "တိုင်းပြည်အတွက် မှားယွင်းတဲ့ ပုဂ္ဂိုလ်" ဖြစ်ပြီး နိုင်ငံကို ဦးဆောင်ဖို့ မသင့်ဘူးလို့ ဝုဝပ်ဒ်က တရားဝင် ဝေဖန်ခဲ့ပါတယ်။ အပြန်အလှန်အနေနဲ့ ထရမ့်ကလည်း ဝုဝပ်ဒ်ကို လူလိမ်လို့ ခေါ်ဆိုခဲ့ပြီး၊ သူ့ ပြောရေးဆိုခွင့်ရှိသူက WAR စာအုပ်ပါ ကိုးကားချက် အများစုဟာ အစစ်အမှန် မဟုတ်ဘူးလို့ အကြောက်အကန် ငြင်းဆိုခဲ့ပါတယ်။

ဝုဝပ်ဒ်ရဲ့ သတင်းရင်းမြစ်တွေအရ ထရမ့်ဟာ ပထမအကြိမ် သမ္မတတာဝန် ထမ်းပြီးလို့ ရာထူးက ဆင်းတဲ့ နောက်ပိုင်း ဗလာဒီမာ ပူတင်နဲ့ ဖုန်း ပြောဆိုမှု ခုနစ်ကြိမ်အထိ ရှိခဲ့တယ် ဆိုထားပါတယ်၊ ဒါ့အပြင် ထရမ့်ဟာ ပူတင့်ဆီ ကိုဗစ်ရောဂါပိုး ရှိ၊မရှိ စမ်းသပ်တဲ့ ကိရိယာတွေ ပေးပို့ခဲ့တယ်လို့လည်း ဖော်ပြထားပါတယ်။

အထူးသဖြင့် ဝုဝပ်ဒ်ရဲ့ ထုတ်ဖော်မှုတွေအရ ထရမ့်က ပူတင်အပေါ် ထားတဲ့ လေးစားသမှုဟာ မေးခွန်းထုတ်စရာ ဖြစ်ခဲ့ပါတယ်။ သမ္မတ ထပ်ဖြစ်ရင် ရာထူးရပြီး ၂၄ နာရီအတွင်း ယူကရိန်း-ရုရှားစစ်ပွဲကို အဆုံးသတ်မယ်လို့ ထရမ့် ပြောခဲ့တာက အခု အချိန်မှာ အမှန်တကယ် ဘာဖြစ်လာသလဲ တွေ့ခဲ့ရပါပြီ။

ယူကရိန်းသမ္မတ ဇီလန်းစကီးနဲ့ ထရမ့်လူတွေ ဘဲဥပုံ ရုံးခန်းထဲ အချင်းများကြပြီး ယူကရိန်းကို အမေရိကန် ကူညီ ထောက်ပံ့ခဲ့တဲ့ မူဝါဒကို ပြောင်းပြန်လှန်ခဲ့တာလည်း မျက်ဝါးထင်ထင် မြင်ခဲ့ရပါပြီ။ အခုအခါမှသာ ယူကရိန်းရဲ့ သယံဇာတ ထုတ်ဖော်ခွင့်ကို အမေရိကန် ဦးစားပေးဖို့ သဘောတူညီချက်နဲ့ ယူကရိန်းကို အမေရိကန် ဆက်ကူညီဖို့ လမ်းကြောင်းပေါ် ပြန်ရောက်သွားတယ် ဆိုနိုင်ပါတယ်။

ဒါပေမဲ့ ထရမ့် လက်အောက်မှာ အရေးပါတဲ့ မူဝါဒတစ်ရပ် ဒီလောက် အပြောင်းအလဲ မြန်တာကိုက စိတ်ချယုံကြည်ဖို့ ခက်ခဲတာကို သက်သေပြနေသလိုပါပဲ။ ပူတင် လုပ်သမျှ ထရမ့် လေးစားအားကျတဲ့ တခြား စကားတွေကိုလည်း ဝုဝပ်ဒ်က ဖော်ပြထားပါတယ်။

ထရမ့် သမ္မတ ပြန်အရွေးခံရဖို့ စတင် စိတ်ကူးလာပုံတွေ၊ လှုပ်ရှားလာပုံတွေလည်း ပါဝင်ပါတယ်။ ရီပတ်ဘလီကန်နဲ့ ဒီမိုကရက်တွေ သမ္မတဖြစ်ဖို့ အမေရိကန် နိုင်ငံရေးနဲ့ သူတို့သမိုင်းမှာ အရှုပ်အထွေးဆုံး ကာလတစ်ခုကို အနီးကပ်ဆုံးနဲ့ ကျယ်ပြန့်စွာ တင်ပြထားတဲ့ မှတ်တမ်းတစ်ခုလို့လည်း ပြောလို့ရပါတယ်။

ဝုဝပ်ဒ်က ဒီစာအုပ်အတွက် အင်တာဗျူး အားလုံးကို သတင်းသမား အခြေခံစည်းမျဉ်း အောက်မှာ လုပ်ခဲ့တယ်လို့ ပြောထားပါတယ်။ ဆိုလိုတာက အချက်အလက် အားလုံးကို အသုံးချနိုင်ပေမယ့် ဘယ်သူက ပေးတယ်ဆိုတာတော့ သူ ထုတ်မပြောပါဘူး။

သက်တမ်းရှည် သတင်းသမားကြီး ဝုဝပ်ဒ်နဲ့ စကား ပြောဖို့ ယုံကြည်မှု ရှိကြသူ နိုင်ငံရေးသမားတွေနဲ့ အကြီးတန်း အရာရှိတွေ ရာချီတယ်လို့ အများက အသိအမှတ် ပြုပြီးသားပါ။

မူရင်း အင်္ဂလိပ်ဘာသာနဲ့ ပုံနှိပ်စာမျက်နှာ ၄၃၀ ကျော် ရှိတဲ့ စာအုပ်ကို အခန်း ၇၇ ခန်းနဲ့ ပိုင်းခြားထားတဲ့အနက် သတင်း ဇာစ်မြစ်နဲ့ မှတ်စုအတွက် အညွှန်းကတင် စာမျက်နှာ ၃၀ ကျော် ပါဝင်ပါတယ်။

ဘိုင်ဒင်အစိုးရနဲ့ ဒီမိုကရက်တွေကို ဝေဖန်ထားတာ တချို့လည်း ပါဝင်ပါတယ်။ ၂၀၂၁ ခုနှစ် အာဖဂန်နစ္စတန်ကနေ အမေရိကန် ထွက်ခွာမှုဟာ အပျက်အစီးနဲ့ ပရမ်းပတာ ဖြစ်ခဲ့တာတွေကို ပုံဖော်ထားတာ ဖြစ်ပါတယ်။

ဒီလို ကျရှုံးမှုတွေ ရှိခဲ့ပေမယ့်... သမ္မတ ဘိုင်ဒင်နဲ့ သူ့အဖွဲ့ဟာ တည်ငြိမ်ပြီး ရည်ရွယ်ချက်ရှိတဲ့ ခေါင်းဆောင်မှု နမူနာအဖြစ် သမိုင်းမှာ အကြီးအကျယ် လေ့လာခံရမယ်လို့ သူ ယုံကြည်ကြောင်းကိုလည်း ဝုဝပ်ဒ်က ပြောထားပါတယ်။

စာအုပ်ပါ အခန်းအများစုမှာ ယူကရိန်း စစ်ပွဲနဲ့ ဂါဇာ စစ်ပွဲတို့ နောက်ခံနဲ့ သမ္မတ ဘိုင်ဒင်ရဲ့ နိုင်ငံခြားရေးဝန်ကြီး တိုနီ ဘလင်ကန်၊ ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်၊ စီအိုင်အေ ဒါရိုက်တာ ဘီလ် ဘန်းစ်၊ အမျိုးသား လုံခြုံရေးအကြံပေး ဂျိတ် ဆူလီဗန်နဲ့ အမျိုးသား လုံခြုံရေးကောင်စီရဲ့ အရှေ့အလယ်ပိုင်း ညှိနှိုင်းရေးမှူး ဘရက် မက်ဂါ့က်တို့ရဲ့ အမှတ်တရတွေ ဖြစ်ပုံရပါတယ်။

အများတွေ့ရတဲ့ ကန့်လန့်ကာကြီးရဲ့ နောက်ကွယ်မှာ ဒီမိုကရက် ဘိုင်ဒင်အစိုးရ အကြံပေးတွေ အလုပ် လုပ်ပုံကို သေချာပေါက် လေ့လာနိုင်မှာ ဖြစ်ပါတယ်။ အခုလက်ရှိ သတင်းတွေကို လွှမ်းမိုးနေတဲ့ ရီပတ်ဘလီကန် သမ္မတ ဒေါ်နယ်ထရမ့် လက်ထက် သူ့ လူတွေ လုပ်ကိုင်ပုံနဲ့ နှိုင်းယှဉ်ကြည့်နိုင်ကြပါပြီ။

သမ္မတ ဘိုင်ဒင်နဲ့ သမ္မတဟောင်း ထရမ့်တို့ကြား ပြန်လည်ပြိုင်ဆိုင်မှုက စတင်ပြီး ၂၀၂၄ ခုနှစ်မှာ အမေရိကန်တွေ မဲပေးဖို့ ပြင်ဆင်နေချိန်မှာ ဒု-သမ္မတ ကမာလာ ဟားရစ် မထင်မှတ်ဘဲ ဒီမိုကရက်တစ် သမ္မတလောင်းအဖြစ် တိုးမြှင့်လာပုံနဲ့အတူ နိုင်ငံရေး တိုက်ပွဲ အရှိန် မြှင့်လာခဲ့ပုံကိုလည်း ဖော်ပြထားပါတယ်။ ဘိုင်ဒင်ရဲ့ အမွေအနှစ်တွေနဲ့ မူဝါဒတွေကို လက်ခံရယူဖို့ ကြိုးစားရင်း သမ္မတလောင်းအဖြစ် ဟားရစ်ရဲ့ ကိုယ်ပိုင်လမ်းကြောင်းကို စတင် ရေးဆွဲခဲ့ပုံကိုလည်း တွေ့မြင်ရမှာပါ။

အချုပ်အားဖြင့် ဆိုရရင် ဝါရှင်တန်ပို့စ် သတင်းစာရဲ့ ဂုဏ်ထူးဆောင် တွဲဖက်အယ်ဒီတာ အမေရိကန် သတင်းစာဆရာကြီး ဝုဝပ်ဒ်နဲ့ သူ့ လက်တွဲဖက် ကားလ် ဘန်းစတိန်းတို့ ပြုစုရေးသားထားတဲ့ WAR စာအုပ်က ထိပ်တန်းရောက် ကမ္ဘာ့ဖြစ်ရပ်တွေ နောက်ကွယ်က ရှုပ်ကွက် မြှုပ်ကွက်တွေနဲ့အတူ စုပါပါဝါ အမေရိကန်ရဲ့ နိုင်ငံရေးကို လေ့လာသူတွေအတွက် မလွဲမသွေ ဖတ်ရှုသင့်တဲ့ စာအုပ်တစ်အုပ် ဖြစ်နေမယ်လို့ ယုံကြည်တဲ့အတွက် မြန်မာပြန်ဆို တင်ပြလိုက်ပါတယ်။

ဒီနေရာမှာ ကြိုတင် အသိပေးလိုတာလေးများ ရှိပါတယ်။ မြန်မာစာဖတ်ပရိသတ်တွေ ပိုသိမြင် ရှင်းလင်းဖို့ အထောက်အကူ ပြုနိုင်အောင် သတင်းဖြစ်ရပ်နဲ့ လိုက်လျောညီထွေဖြစ်မယ့် သတင်းဓာတ်ပုံ တချို့ကို ရှာဖွေပြီး ဖြည့်စွက်ပေးထားပါတယ်။

အစ အဆုံး ဘာသာပြန် စာမူရဲ့ စာမျက်နှာမှာ အတော်လေး ထူထဲများပြားနေတဲ့အတွက် ခေတ်ကာလ အနေအထားအရ ရေးသူ ထုတ်သူ ဖတ်သူတို့ သုံးဦးသုံးဖလှယ် ခြေနိုင်လက်နိုင် ရှိကြစေဖို့ ရေးရှုပြီး ပြန်ဆိုပြီးသမျှ တစ်ဝက်လောက်ကို အချိန်နဲ့ တစ်ပြေးညီ စောစောဖတ်ရှုရအောင် ပထမတွဲအဖြစ် ဦးစွာ ထုတ်ဝေလိုက်ပါတယ်။ ကျန်တဲ့ အခန်းတွေကို ဆက်လက်ပြန်ဆိုနေပြီး မကြာခင် တင်ဆက်ပေးနိုင်အောင် စီစဉ်နေပါကြောင်း အသိပေးအပ်ပါတယ်။

**မင်းမြတ်စံ**